တစ်ချိန်တုန်းက မဟာစည် ပဋိပတ္တိသာသနာတော်။ ယနေ့အခါ ဘယ်လိုများ ရှိပါလိမ့်မလဲ။ ပြန်လည်သုံးသပ်ဆင်ခြင်ကြဖို့နဲ့ ကြိုးစားကြဖို့ တပည့်တော်များ များစွာ လိုအပ်နေပါကြောင်း ဝန်ခံရင်း တာဝန်ရှိသူ ဆရာဒကာ အပေါင်းတို့အား ရိုသေစွာ နှိုးဆော်တိုက်တွန်းအပ်ပါသည်ဘုရား/ခင်ဗျား။



ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး

# မိုးကုတ်မူလ မဟာစည်သာသနာ့ရိပ်သာ ကြွရောက်ချီးမြှောက်ခြင်း

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် မူလမိုးကုတ် မဟာစည်သာသနာ့ရိပ်သာ ဆရာတော် အရှင်ဝိမလ၏ ပင့်လျှောက်ချက်အရ ၁၃၃၅-ခုနှစ် နယုန် လဆန်း ၃-ရက်နေ့ ညနေ ၅-နာရီအချိန်တွင် နောက်ပါ ရဟန်းရှင်လူ တပည့်များနှင့်အတူ မိုးကုတ် မူလမဟာစည် သာသနာ့ရိပ်သာသို့ ကြွရောက်တော်မူသည်။ ယင်း မူလ မဟာစည်သာသနာ့ရိပ်သာကား မိုးကုတ် တစ်မြို့လုံး တစ်နယ်လုံး လူထု၏ ကိုးကွယ်ရာ ဖေါင်တော်ဦး မြတ်စွာ ဘုရား ပရဝုဏ်အနီးတွင် တည်ရှိလေသည်။ ရောက် မဆိုက် ဆရာတော်ဘုရားကြီးအား ကန်တော့ကြသည်။ ဆရာတော်ဘုရားကြီးက ဆုပေး သီလပေး သနားတော်မူ ပြီး ဩဝါဒကထာ မြွက်ကြားတော်မူလေသည်။

## ဆရာတော်ဘုရားကြီး၏ ဩဝါဒကထာ မိန့်ခွန်းတော်

ဒီရိပ်သာဆရာတော် ဦးဝိမလနှင့် တပည့်ဒကာ ဒကာမများက ဩဝါဒ ပေးသနားတော်မူပါဘုရား ဆိုလို့ ကြွလာရပါတယ်။ ဒါ့ကြောင့် ဒီရိပ်သာကို ဦးစွာ တည်ထောင်ခဲ့တဲ့ ဆရာတော် ဦးမုနိန္ဒနဲ့ ဘုန်းကြီး တွေ့ဆုံပြီး သူ့သာသနာပြုခဲ့ပုံက စပြီး ပြောရဦးမယ်။

၁၃၀၀-ပြည့်နှစ်ကစပြီး မွေးရပ်ဇာတိ ရွှေဘိုခရိုင် ဆိပ်ခွန်ရွာမှာ ကမ္မဋ္ဌာန်းဌာန တည်ထောင်ပြီးမှ မဟာသတိပဋ္ဌာန် ဝိပဿနာကို ဘုန်းကြီး စတင်ဟောကြားခဲ့ပါတယ်။ ၁၃၀၈-ခုနှစ်လောက်မှာ ရွှေဘိုဆရာတော် ဦးမုနိန္ဒ ဆိပ်ခွန်ကိုရောက်လာပြီး တရား အားထုတ်ပါတယ်။ နောက် ဘုန်းကြီးနှင့် အတူတွဲပြီး နယ်လှည့်တရားဟော တရားပြ သာသနာပြုကြပါတယ်။ ၁၃၁၁-ခုနှစ် ရန်ကုန်ရောက်ပြီး သာသနာ့ရိပ်သာမှာ ရွှေမင်းဝံဆရာတော်တို့ ဒီရွှေဘို ဦးမုနိန္ဒဆရာတော်တို့နှင့် အတူတွဲပြီး တရား စပြကြပါတယ်။

၁၃၁၆-ခုနှစ်မှာ ရွှေဘိုဦးမုနိန္ဒ မိုးကုတ်ကြွပြီး ဒီရိပ်သာ တည်ထောင်ပါတယ်။ နယ်လှည့်ပြီးတော့လဲ တရားဟော တရားပြပါတယ်။ ဒါတွေကို အကြောင်းပြုပြီး တော့ ဘုန်းကြီးလဲ မိုးကုတ်ကို အခွင့်သင့်တိုင်း တရား ဟော တရားပြ ကြွရောက်ရပါတယ်။ မိုးကုတ်ကို ဘုန်းကြီး ကြွရောက်ပြီး တရားဟောရတာ မိုးကုတ်မြို့မှာ မဟာ သတိပဋ္ဌာန် ဝိပဿနာတရား ထွန်းကားတာဟာ ဦးမုနိန္ဒရဲ့ ကျေးဇူးပါဘဲ။ သူဟာ အရင်းခံပါဘဲ။

## <u>မမေ့သင့်သော ဒုလ္လဘာ-၂-ပါး</u>

ဒွေ မေ ဘိက္ခဝေ ပုဂ္ဂလာ ဒုလ္လဘာ လောကသ္မိံ ကတမေ ဒွေ ယော စ ပုဗ္ဗကာရီ၊ ယော စ ကတညူ ကတဝေဒီ။ ဣမေ ခေါ ဘိက္ခဝေ ဒွေ ပုဂ္ဂလော ဒုလ္လဘာ လောကသ္မိံ။

ရဟန်းတို့၊ လောက၌ ရနိုင်ခဲကုန်သော ပုဂ္ဂိုလ်တို့သည် ဤနှစ်ယောက်တို့တည်း။ အဘယ်နှစ်ယောက်တို့ဟူမူ (၁) ရှေးဦးစွာ ကျေးဇူးပြုတတ်သူ (၂) ပြုဖူးသော ကျေးဇူးကို သိ၍ ကျေးဇူးတုံ့ပြုသူ- ဤပုဂ္ဂိုလ်နှစ်မျိုး ရနိုင်ခဲတယ်လို့ ဘုရားရှင် ဟောတော်မူတယ်။ ဒါကြောင့် ဒီသာသနာ့ရိပ်သာကို တည်ထောင်တဲ့ပုဂ္ဂိုလ်နှင့် ဒီရိပ်သာကို မမေ့သင့်ပါဘူး။

ဘုန်းကြီးနှင့်တကွ တပည့်တွေ တရားပြ နေကြတာလဲ မြတ်စွာဘုရားရဲ့ ကျေးဇူးတော်တွေကို ဆပ်နေကြတာပါဘဲ။ မြတ်စွာဘုရားဟာ ကျေးဇူးရှင်ကြီးဘဲ။

ဟုတ်တယ်။ မြတ်စွာဘုရားရဲ့ သာသနာတော်မှာ နေလို့ မြတ်စွာဘုရားက ခွင့်ပြုတော်မူလို့ ဒကာ ဒကာမ တွေ လှူဒါန်းတဲ့ ပစ္စည်းလေးပါးတွေကို သုံးဆောင်ပြီး သာသနာပြုကြရတယ်။ အဲဒီလို ကိုယ်တိုင်လဲ သီလ သမာဓိ ပညာ သိက္ခာ သုံးပါးကို ကျင့်၊ တပည့် ဒကာ ဒကာမတွေကိုလဲ ဟောပြောပြသကြရတာဟာ မြတ်စွာ ဘုရားကိုလဲ ကျေးဇူးဆပ်တာ ဖြစ်တယ်။ ဒကာ ဒကာမ တွေကိုလဲ ကျေးဇူးဆပ်တာ ဖြစ်တယ်။ ထို့အတူ တပည့် များက ဆရာကို ကျေးဇူးဆပ်ကြရ၊ သားသမီးများက မိဘကို ကျေးဇူး ဆပ်ကြရပါတယ်။

## ဘုရားအလိုတော်ကျ ဟောခဲ့

အဲဒါကြောင့် ဘုန်းကြီးဆိုရင် မြတ်စွာဘုရားကို ကျေးဇူးဆပ်တဲ့အနေနဲ့ ထူးမြတ်တဲ့ သာသနာတွင်း ဝိပဿနာတရားတွေကို လေးလေးနက်နက် တိကျမှန်ကန်စွာ ညွှန်ကြားဟောပြောလေ့ ရှိပါတယ်။ လေးနက်မှန်ကန်တဲ့ ဝိပဿနာတရားဟာ အသိဉာဏ် နဲ့သေးသူများအတွက် ပျင်းစရာကြီးလို ဖြစ်နေတတ်ပါတယ်။

ဘုန်းကြီး ငယ်ငယ်တုန်းက တရားဟောခါနီးမှာ ပရိသတ်ကိုငဲ့ပြီး ဒကာ ဒကာမ အကြိုက် စကားလုံးကလေးများ ထည့်ပြီး တရားဟောအုံးမှလေလားလို့ တွေးမိခဲ့ဖူးပါတယ်။ ဒါပေမဲ့ တရားပလ္လင်ပေါ်လဲ တက်လိုက်ရောသြော် ငါဟာ မြတ်စွာဘုရားရဲ့ ကိုယ်စားပဲလို့ သတိရပြီး ဘုန်းကြီးပါးစပ်က ဒကာ ဒကာမများ အကြိုက် စကားလုံးများ ထွက်မလာတော့ဘူး။ မှန်ကန်တိကျ နက်နဲ မွန်မြတ်တဲ့ စကားလုံးများသာ ထွက်လာတော့တယ်။ ဒါကြောင့် ဘုန်းကြီး ငယ်စဉ်ကတည်းက စပြီး နက်နဲတဲ့ မှန်ကန် မွန်မြတ်တဲ့ တရားများကိုသာ ဟောလေ့ရှိခဲ့ပါတယ်။

## သာသနာတွင်းမှာ ဆင်းရဲငြိမ်းအောင် အားထုတ်ကြ

ဒါကြောင့် ယခုအခါ သာသနာတွင်းသား ရဟန်းရှင်လူ ဗုဒ္ဓသာသနာ့ဝင်များက စပြီး လူသားအားလုံးဟာ မြတ်စွာဘုရားရဲ့ အလိုတော်ကျ နက်နဲအဖိုးတန်တဲ့ တရားထူးတွေကို ကြိုးစားအားထုတ်ဖြစ်အောင် ကြိုးစားအားထုတ်ဘို့ အရေးကြီးပါတယ်။

မြတ်စွာဘုရားက မိန့်တော်မူခဲ့တာ အကုသိုလ်မပြုကြနဲ့၊ ကုသိုလ် ပြုကြ၊ ကုသိုလ်ပြုရာမှာလဲ အဆင့်ဆင့်လေးနက်မွန်မြတ်ပြီး တန်ဖိုးကြီးတဲ့ ကုသိုလ်ထူးတွေ ထိအောင် ပြုကြပါ။ ယခုလို သာသနာတွင်း ကာလကြီးမှာ ဒါနလောက်နဲ့လဲ မတင်းတိမ်ကြနဲ့ဦး။ သီလလောက်နဲ့လဲ မရောင့်ရဲကြနဲ့ဦး၊ သုတလောက်၊ ဈာန်လောက်၊ တောရဆောက်တည်ရုံမျှလောက်၊ လူနတ်ချမ်းသာလောက်နဲ့လဲ အားမရကြနဲ့ဦး။ ဝိပဿနာပညာ မဂ်ပညာ ဖိုလ်ပညာ အဆင့်ဆင့်နှင့် ပြည့်စုံအောင် ရဟန္တာဖြစ်အောင် ကြိုးစားအားထုတ်ကြပါ။

## ပရိယတ် ပဋိပတ် ကျွမ်းကျင်သူဖြစ်ဖို့ အရေးကြီး

ဒါ့ကြောင့် တရားဟောပြော ပြသရာမှာ ဗုဒ္ဓ အလိုတော်ကျဖြစ်အောင် ဟောပြောပြသဖို့ အရေးကြီး ပါတယ်။ အထူးအားဖြင့် ဝိပဿနာတရား ဟောပြောပြသ ကြတဲ့ နေရာမှာ ပရိယတ် ပဋိပတ် ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ် များ ဖြစ်ဖို့ အရေးကြီးပါတယ်။

မြန်မာပြည်မှာ ပဋိပတ္တိ ဌာနပေါင်းများစွာ ရှိကြ ပါတယ်။ ရဟန္တာလို့ ကျော်ကြားတဲ့ ပုဂ္ဂိုလ်ထူးများရဲ့ ဌာန တွေလဲ ရှိကြပါတယ်။ အဲဒီ ဌာနတွေထဲမှာ ပရိယတ် ပဋိပတ် ကျွမ်းကျင်ပြည့်စုံတဲ့ ရဟန်းတော်တော်များများ ဦးဆောင်တဲ့ ဌာနကတော့ ရှားပါတယ်။ ပရိယတ္တိ ကျွမ်း ကျင်တတ်မြောက်တဲ့ ပညာရှိရဟန်းတော်များ အားထုတ် တဲ့ ကမ္မဋ္ဌာန်းဌာနများမှာလဲ ရှားပါတယ်။ ခိုင်ခိုင်မာမာနဲ့ ဝိသုဒ္ဓိဉာဏ်စဉ်များကို အစဉ်အတိုင်း စစ်ဆေးပြီး ညွှန် ကြားနိုင်တဲ့ ဌာနလဲ ရှားပါတယ်။

ဘုန်းကြီးတို့ သာသနာ့ရိပ်သာတွေမှာတော့ ပရိယတ် ပဋိပတ် ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တွေ ဦးဆောင်ကြပါတယ်။ လာရောက်တရားအားထုတ်တဲ့ ရဟန်းတော်တွေကလဲ ပရိယတ်တတ်မြောက်တဲ့ ပုဂ္ဂိုလ်တွေ အတော်များပါတယ်။ ပြသတဲ့ ဆရာထဲမှာရော အားထုတ်တဲ့ ယောဂီတွေထဲမှာပါ အစိုးရ ဓမ္မာစရိယ၊ စေတီယင်္ဂဏ ဓမ္မာစရိယ၊ သကျသီဟ ဓမ္မာစရိယ၊ ဒီဃဘာဏကကောဝိဒ စတဲ့ စာမေးပွဲအောင်ပုဂ္ဂိုလ်တွေ၊ စာမေးပွဲ မအောင်ပေမဲ့ စာပေအရည်အချင်းနဲ့ ပြည့်စုံလို့ ကိုယ့်ပရိသတ်နဲ့ ကိုယ် စာချနေတဲ့ ပုဂ္ဂိုလ်တွေတောင် ပါကြပါတယ်။

# ကမ္မဋ္ဌာန်းဌာနဆိုရင် ယောဂီ ရှိရမယ်

ကမ္မဋ္ဌာန်းဌာန တည်ထောင်ထားပြီး ယောဂီ မရှိဘဲ ချွတ်ယွင်းနေတဲ့ ဌာနတွေလဲ ရှိတတ်ကြပါသေးတယ်။ ဘုန်းကြီးတို့ သာသနာ့ရိပ်သာ ဌာနခွဲတွေမှာလဲ ယောဂီ ပါးနေတဲ့ ဌာနတွေကို တွေ့ခဲ့ရကြောင်း တရားဟောအဖွဲ့နဲ့ လိုက်ပြီး သာသာနပြုခဲ့တဲ့ အငြိမ်းစားတိုင်းမင်းကြီး ဦးညီပု က လျှောက်ထားတယ်။

အဲဒီလို ယောဂီပါးနေတဲ့ ယောဂီ မရှိဘဲနေတဲ့ ရိပ်သာအချို့ ဒကာ ဒကာမဘက်က ယောဂီစောင့်ရှောက်ရေး အားပျော့နေလို့ ဖြစ်နိုင်တယ်။ ဟောပြောညွှန်ပြတဲ့ ကမ္မဋ္ဌာနာစရိယ ဆရာတော်ရဲ့ ဆက်ဆံရေး အဆင်မပြေမှု၊ ဟောပြောပုံ ညံ့မှု၊ ဟောပြောလှုပ်ရှားခြင်း မရှိမှုများကြောင့်လဲ ဖြစ်နိုင်တယ်။

ဒါကြောင့် တရားဟောပြတဲ့ ကမ္မဋ္ဌာန်းဆရာ ဓမ္မကထိကတွေ ဘက်ကလဲ မဟာရ မလစ်ဟင်းရအောင် ဂရုစိုက်ကြရမယ်။ ခရမ်းမြို့ သပြေကုန်းရိပ်သာမှာ ယောဂီနဲ့လို့ တရာဟောပုံ နည်းမကျလို့လား ကြိုးစားကြစမ်းပါလို့ ခရမ်းသပြေကုန်းရိပ်သာမှာ ဆရာတော်ကို တိုက်တွန်းခဲ့ရတယ်။ နောက်တော့ ခရမ်းသပြေကုန်းရိပ်သာ ဆရာတော်ဘုရားကြီးရဲ့ နည်းနာနိဿယ ဟောနည်းသေချာအောင် တရားစာအုပ်ဖတ်ပြီးတော့တောင် ဟောပါတယ်လို့ ထုချေလျှောက်ထားတယ်။

ယောဂီမရှိ ရှိအောင် စုဆောင်းပြီး ကြိုးစားမှုနှင့် ပတ်သက်လို့ မြင်းခြံသာသနာ့ရိပ်သာဆရာတော် ဦးသုန္ဒရနည်းကို ယူဘို့ ကောင်းတယ်။ မြင်းခြံရိပ်သာမှာ ယောဂီနည်းပါးသွားတော့ သူ့ရွာက ဆွေမျိုးတွေကို တရားဟောပြောကာ မြင်းခြံရိပ်သာကို ခေါ်ခဲ့ပြီး တရားအားထုတ်ခိုင်းသတဲ့။ သူ့နည်းလဲ ကောင်းပါတယ်။ ရိပ်သာထောင်ပြီး ယောဂီ မရှိရင် မကောင်းဘူး။

ဟောဒီ မိုးကုတ်မြို့လယ်ရိပ်သာက ရွှေဘိုဆရာတော် ဦးမုနိန္ဒလဲ ပဋ္ဌိပတ်ဖက်က တော်တော် ဆောင်ရွက်ပါတယ်။ ကိုယ့်ရိပ်သာ သာမက ဟိုဟိုဒီဒီ လှည့်လည်ပြီးတော့လဲ တရားဟောပါတယ်။

နောက်ပြီး သူ ဝါသနာပါတဲ့ ဒုလ္လဘ ရဟန်းခံပွဲကြီးတွေ ရှင်ပြုပွဲတွေလဲ ကျင်းပတတ်ပါတယ်။ အဲဒါတွေအားလုံးကိုတော့ ဘုန်းကြီးတို့ အားမပေးပါဘူး။ ရှင်ပြုပွဲကတော့ဖြင့် တော်ပါရဲ့။ ဒါပေမယ့် ပျော်ပွဲရွှင်ပွဲတွေ မပါမှကောင်းတယ်။ ဆင်းရဲလို့ ရှင်မပြုနိုင်တဲ့ မိဘတွေ ပြုခွင့်ရနိုင်တယ်။

# <u>ယောဂီ ရှိတာကို တွေ့ချင်</u>

ဒီရိပ်သာမှာလဲ ယောဂီ မရှိဘဲ ပျက်ချော်ချော် ဖြစ်နေတယ်ဆိုပဲ။ အခုလဲ ယောဂီတစ်ယောက်မှ မတွေ့ရပါလား။ ဒါဟာ ရိပ်သာဆရာတော်နဲ့ ဒကာ ဒကာမတွေရဲ့ တာဝန်ဘဲ။ နောက်တစ်ခါ ဘုန်းကြီးလာရင် ယောဂီရှိတာကို တွေ့ချင်ပါတယ်။ ဒီရိပ်သာဆရာတော် ဦးဝိမလက ဂရုစိုက်ဖို့ အရေးကြီးတယ်။ ဦးမုနိန္ဒက ထားတဲ့ ပုဂ္ဂိုလ်ဆိုတော့ ဦးမုနိန္ဒရဲ့ ကျေးဇူးကိုသိပြီး တိုးတက်အောင် ကြိုးစားဘို့ လိုပါတယ်။

ကိုယ် မစွမ်းဆောင်နိုင်တော့ရင်လဲ ဦးမုနိန္ဒကို ပြန်အပ်နှံရမယ်။ ဦးမုနိန္ဒက စွမ်းဆောင်နိုင်သူ ရှာပြီး ထားပါလိမ့်မယ်။ ဒီရိပ်သာကို ရေစက်ချတုန်းကတည်းကို က နောင် ရှုပ်ချင်ရင် ရှုပ်နေမှာစိုးလို့ ရှင်းအောင် သံဃိက မချခဲ့ဘူး။ တရားဟော တရားပြ တရားအားထုတ်ကြတဲ့ ယောဂီအပေါင်းအား လှူပါ၏လို့ ရေစက်ချထားတာဘဲ။ ဦးဝိမလဆရာတော်က အားသွန်ခွန်စိုက် တိုးတက်အောင် ကြိုးစားကြပါ။

ကဲ- အချိန်လဲ အတော်စေ့သွားပါပြီ။ ယခု ဟော ကြား ညွှန်ပြတဲ့ ဩဝါဒတရားများကို နာကြားကြရတဲ့ ကုသိုလ်စေတနာကြောင့် ကိုယ်ကျန်းမာ စိတ်ချမ်းသာနဲ့ သာသနာပြုနိုင်ကြ၍ ဒုက္ခကင်းရာနိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။